နောက်ရပ်ကြီးကျေးရွာ
ဟဲယာရွာမကျေးရွာအုပ်စု၊ ညောင်လွှေမြို့နယ်

၂၀၂၂ - ၂၀၂၃ခု ဘဏ္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
နောက်ရပ်ကြီးကျေးရွာ၊ ဟဲယာရွာမကျေးရွာအုပ်စု၊ ညောင်လွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြမြေပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေးဇယား	၇-၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	ပညာရေး	၉
၈။	ကျန်းမာရေး	၉
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၉
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၀
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၂-၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၁၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃-၁၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


နောက်ရပ်ကြီးကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



နောက်ရပ်ကြီးကျေးရွာ ရာသီခွင်ပြ ပြကွဒိန်၊ ညောင်ရွှေမြို့နယ်



နောက်ရပ်ကြီးကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ညောင်ရွှေမြို့နယ်



အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နောက်ရပ်ကြီးကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ဟဲယာရွာမ ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၁၉)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ရွာလယ်ကျေးရွာ၊ မြောက်ဘက်တွင် ကလေးကြီးကျေးရွာနှင့် တောင်ဘက်တွင် ရေမလယ်ကျေးရွာနှင့် အနောက်ဘက်တွင် ရွာမတိုက်နယ်ဆေးရုံနှင့် လယ်ကွင်းများစသည်တို့နှင့် ထိစပ်၍ တည်ရှိနေပါသည်။ ကျေးရွာတွင် အများစုသည် အင်းသားလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နောက်ရပ်ကြီးကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ ကျေးရွာတွင် မြေပေါ်ရေနှင့်မြေအောက်ရေများ အသင့်အတင့်တွေ့ရှိရပြီး အသုံးချရန်လွယ်ကူပါသည်။ ငါးမျိုးစိတ်များယခင်က ပေါများသော်လည်းယခုအခါရှားပါးလာပြီး အခြားသဘာဝအရင်းအမြစ်များ မတွေ့ရှိ ရပါ။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

နောက်ရပ်ကြီးကျေးရွာတွင် အိမ်ခြေ(၇၀)အိမ်၊ အိမ်ထောင်စု(၇၁)စု၊ လူဦးရေပေါင်း (၂၃၄)ဦး ရှိသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင် (၁၄)နှစ်အောက်ကလေး အသင့်အတင့်ရှိပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွာအိုများ စုစုပေါင်း (၂၂)ဦးခန့် ရှိပါသည်။ ကျေးရွာရှိ လူဦးရေ၏ (၇၆)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းပါဝင်နိုင်မှုအားကောင်းသောကျေးရွာ ဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

နောက်ရပ်ကြီးကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ရာအိမ်မှူးမှ ဦးဆောင်၍ ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ကော်မတီအသီးသီးမှ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် UNDP အဖွဲ့(၁)ဖွဲ့သာ ဝင်ရောက်ဆောင်ရွက်ခြင်း ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ဇယား:

နောက်ရပ်ကြီးကျေးရွာတွင် စိုက်ပျိုးမြေမရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများ မရှိပါ။ အရောင်းအဝယ်လုပ်ငန်းအများဆုံးလုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ကျေးရွာ၌ မြေပေါ်ရေ၊ မြေအောက်ရေပေါများသော်လည်း စိုက်ပျိုးမြေမရှိ သဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ မရှိရခြင်းဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အရောင်းအဝယ်လုပ်ငန်းနှင့် ကျပန်းအလုပ်တို့ကိုသာ အဓိက အသက်မွေးဝမ်းကျောင်းပြုကြသဖြင့် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်သူများ မရှိပါ။ မြေအနေအထားအရနှင့် စားကျက်မြေရှားပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် နည်းပညာဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုလည်း အားနည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာသည် အရောင်းအဝယ်နှင့်ကျပန်း အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအနည်းငယ်သာ ရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် သက်/မွေးသင်တန်းများဖြစ်သည့် အပ်ချုပ်၊ ဝပ်ရှော့၊ အိမ်တွင်းမှုမုန့်လုပ်ငန်းကဲ့သို့သော သင်တန်းများဖွင့်လှစ်ပေးရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်စေရန်အတွက်လိုအပ်သော နည်းပညာများရရှိရန် လိုအပ်လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေများအား ဘဏ်၊ ကျေးရွာရှိ ငွေတိုးချေးသူများထံတွင်လည်းကောင်း၊ ဆွေမျိုးများထံတွင်လည်းကောင်း ချေးငွေများ ရယူကြပါသည်။ အဆင်မပြေသောမိသားစုများသည် ငွေကြေးအခက်အခဲများဖြစ်ပေါ်ပါက မိတ်ဆွေ၊ ဆွေမျိုးများထံ၌သာ ပမာဏအနည်းငယ် ချေးယူ၍ အခက်အခဲကို ဖြေရှင်းကြရပါသည်။ငွေကြေးလက်လှမ်းမီမှု ရှိပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် စက်လှေအများဆုံးပိုင်ဆိုင်ပြီး ကား၊ ဆိုင်ကယ် အနည်းငယ် ရှိပါသည်။ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကျေးရွာ ဖြစ်ပါသည်။ သီးနှံထွက်ကုန်များအား သယ်ယူပို့ဆောင်ရာတွင် ကုန်ကျစရိတ် သက်သာစေရန်အတွက် ရွာချင်းဆက်လမ်းနှင့် ကုန်ထုတ်လမ်းများဖောက်လုပ်ပေးရန် လိုအပ်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရောက်ရှိသောကြောင့် အိမ်ထောင်စု(၇၁)စုလုံးသည် လျှပ်စစ်မီးအသုံးပြုကြသဖြင့် လျှပ်စစ်မီးဖြင့် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူများအတွက် အထောက်အကူပြုစေပါသည်။ မီးနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းမှုအားကောင်းပြီး ပျက်စီးပါက ပြုပြင်ရန်အခက်အခဲ ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးမှာ ညောင်ရွှေမြို့နှင့်အလှမ်းဝေးသော်လည်း ဖုန်းဆက်သွယ်ရေးလိုင်းကောင်းမွန်သဖြင့် သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လက်လှမ်းမီမှုရှိပါသည်။ သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍတွင် အချိန်နှင့်တပြေးညီ ရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။

၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၂၃၄)ဦးတွင် တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်အဆင့်ပြီးသူစုစုပေါင်း(၆၄)ဦးခန့်ရှိသဖြင့် စာတတ်မြောက်မှုနှုန်းအားကောင်းခြင်းကို ဖော်ပြလျက်ရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိသော်လည်း ကျေးရွာနှင့်ကပ်လျက်တည်ရှိသော ရွာမကျေးရွာတွင် အထက်တန်းကျောင်းရှိသဖြင့် စာတတ်မြောက်မှုနှုန်းနှင့် လက်ရှိကျောင်းတက်နှုန်း အားကောင်းရခြင်းဖြစ်ပါသည်။ မူလတန်းပညာနှင့်အလယ်တန်း တတ်မြောက်ပြီးလျှင် မိဘလုပ်ငန်းနှင့် ဝင်ငွေရအလုပ်ဝင်ရောက်လုပ်ကိုင်ကြသည်မှာ အသင့်အတင့် ရှိပါသည်။ တက္ကသိုလ်ကို နီးစပ်ရာမြို့များတို့တွင် သွားရောက်ပညာသင်ကြားကြရပါသည်။ ငွေကြေးတတ်နိုင်သူများသာ မိမိတို့၏ သား/သမီးများကို အခြားမြို့သို့ စေလွှတ်၍ ဆက်လက်ပညာသင်ကြားစေပါသည်။

၈။ ကျန်းမာရေး

ကျန်းမာရေးအခြေအနေမှာ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး၊ သွေးတိုး၊ ဆီးချိုရောဂါ အနည်းငယ်ဖြစ်ပွားမှုရှိပြီး ယခင်နှစ်တွင် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ(Covid – 19)ရောဂါ အတော်အတင့်ကူးစက်ခြင်း ကြုံတွေ့ခဲ့ရပါသည်။ ရွာမတိုက်နယ်ဆေးရုံ/ ဆေးခန်းများနှင့် လည်း နီးသဖြင့် သေးဆုံးမှုအနည်းငယ်ဖြင့် ရောဂါအား ထိန်းချုပ်ကာကွယ်နိုင်ခဲ့ပါသည်။ ဆေးရုံ/ ဆေးခန်းနှင့်အလှမ်းမဝေးသဖြင့် ဆေးဝါးကုသမှု လက်လှမ်းမီမှုရှိပါသည်။ လွန်ခဲ့သော(၁၂)လအတွင်း ကျေးရွာ၌ ကျန်းမာရေးဌာနမှ CoVidကာကွယ်ဆေးအပြင် အခြားကာကွယ်ဆေးများ ပြည့်စုံစွာ လာရောက်ထိုးနှံပေးခဲ့ပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် တစ်ခါတစ်ရံချောင်းရေကြီးခြင်း၊ သဘာဝငါးမျိုးစိတ်များ နည်းပါးလာခြင်းစ သည် ဘေးအန္တရာယ်များ ကြုံတွေ့လာရပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအနေဖြင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် ကျင့်သုံးလျက်ရှိသဖြင့် အမှိုက်နှင့်ပတ်သက်၍ အန္တရာယ်ကြုံတွေ့ဖွယ် မရှိပါ။

၁၀။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်တွင်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင်လည်းကောင်း တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက် မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင် အသင့်အတင့်ရှိကြ သည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စားလုပ်အားခရရှိမှု သည် အနည်းငယ်သာ ကွာဟမှုရှိပါသည်။သတင်းအချက်အလက်နှင့် ငွေးကြေးလက်လှမ်းမီမှုတို့တွင် အမျိုးသားနှင့်တန်းတူ အခွင့်အလမ်းရရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် ဘာသာရေးပွဲအပြင် အခြားပျော်ပွဲရွင်ပွဲများကျင်းပပေးခြင်း မရှိပါ။ ကျေးရွာ သည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။ လူငယ်များအတွက် ကျေးရွာတွင် အသိပညာများရှာဖွေလေ့လာနိုင်မည့် အခြေခံအဆောက်အဦးများ မရှိသဖြင့် အသိပညာဗဟုသုတအပိုင်း တွင်လည်း အခြားအားကစားရေးရာနှင့် အသိပညာများကိုယ်တိုင်လေ့လာခြင်းနှင့် စူးစမ်းရှာဖွေခြင်းတွင် လည်းကောင်း အားနည်းလျက် ရှိပါသည်။လူငယ်များအတွက် စာကြည့်တိုက်၊ ခန်းမဆောင်၊ အားကစား ကွင်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်းထားခြင်း မရှိပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးပြီး စည်းလုံးညီညွတ်သော ကျေးရွာဖြစ်သဖြင့် မူခင်းဖြစ်ပွားမှုများ မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁	ချောင်းကူးတံတားတည်ဆောက်ခြင်း	၁	✓				
၂	ရွာတွင်းလမ်းပြုပြင်ခြင်း	၂		✓			
၃	ရေသန့်စက်ရုံရုံဆောင်ရွက်ခြင်း	၃			✓		
၄	သက်/မွေးသင်တန်းဖွင့်လှစ်ခြင်း(ဆိုင်ကယ်ပြင်၊ အပ်ချုပ်)	၄			✓		
၅	မူးယစ်ဆေးပဖျောက်ရေးဟောပြောပွဲပြုလုပ်ခြင်း	၅			✓		
၆	မြစိမ်းရောင်ချေးငွေ/မတည်ငွေရုံရုံဆောင်ရွက်ခြင်း	၆				✓	
၇	ရွာပတ်ချောင်းတူးဖော်ခြင်း	၇				✓	
၈	အားကစားပစ္စည်းများထောက်ပံ့ပေးခြင်း	၈				✓	
၉	ရွာပိုင်သိုလှောင်ရုံတည်ဆောက်ခြင်း	၉				✓	
၁၀	မူကြိုကျောင်းတည်ဆောက်ခြင်း	၁၀					✓
၁၁	ရေပိုက်ရုံရေးဆောင်ရွက်ခြင်း	၁၁					✓
၁၂	ထရန်စဖော်မာတည်ဆောက်ခြင်း	၁၂					✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	– နောက်ရပ်ကြီးကျေးရွာ
ကျေးရွာအုပ်စု	– ဟဲယာရွာမကျေးရွာအုပ်စု
မြို့နယ်	– ညောင်ရွှေမြို့နယ်
တိုင်း/ပြည်နယ်	– ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည်	**– ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း(၁၇'×၁၅'×၉')**

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

နောက်ရပ်ကြီးကျေးရွာမှ ဆေးရုံနှင့်ဆက်သွယ်ထားသည့် လက်ရှိအသုံးပြုလျက်ရှိသော သစ်သားတံတားသည် ကျေးရွာကိုယ်ထူကိုယ်ထဖြင့် သွားလာနိုင်ရန်အတွက်သာ တည်ဆောက်ထားသည့်တံတားဖြစ်ပြီး ကာလကြာမြင့်ပြီဖြစ်သဖြင့် ထိုသစ်သားတံတား၏ အောက်ခြေများ၊ ကြမ်းခင်းများသည် ဆွေးနေပြီဖြစ်၍ သွားလာရေးတွင် အန္တရာယ်မဖြစ်စေရေးအတွက် ကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြင့်တင်ဆောင်ရွက်လိုခြင်းကြောင့် စီမံချက်ဆောင်ရွက်ရန်လိုအပ်ရခြင်း ဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

ကျေးရွာမှ ရွာမဆေးရုံသို့ အရေးပေါ်လူနာများ အချိန်မီပို့ဆောင်နိုင်ရန်၊ ကျေးရွာသူ/သားများ သွားလာရေးလွယ်ကူစေရန်နှင့် အန္တရာယ်မဖြစ်စေရန် ရည်ရွယ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

တံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက လူနာများကိုအချိန်မီဆေးကုသနိုင်သဖြင့် ဆေးကုသစရိတ်သက်သာလာစေမည့်အပြင် ကျေးရွာထွက်ကုန်များကို လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်လာမည်ဖြစ်ပြီး ကျေးရွာသူ/သားများအချင်းချင်းလည်း သွားလာဆက်သွယ်ခြင်း လွယ်ကူလာမည် ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

တံတားတည်ဆောက်ခြင်းလုပ်ငန်းအား စီမံကိန်းထောက်ပံ့ငွေ(၁၀၀၀၀၀၀၀/)ကျပ်နှင့် ပြည်သူထည့်ဝင်ငွေ(၅၄၅၀၀၀၀/-)တို့ဖြင့် ကျေးရွာပြည်သူ၏ လုပ်အားနှင့်ပြီးစီးအောင် ဆောင်ရွက်သွားပါမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၀၀၀၀၀၀၀/-(ငွေသား) • - (ငွေသား) • ၅၄၅၀၀၀၀/- (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၁၆	၁၁၈	၂၃၄	၂	၁၂	၃၉	၁၇	၇၁
အကျိုးခံစားမည့်သူ ဦးရေ	၁၀၅၄	၁၂၂၀	၂၂၇၄	-	-	-	-	-
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - (၁၃.၇.၂၀၂၂)

(၃) စီမံချက် ပြီးစီးမည့် အချိန် - (၃၁.၈.၂၀၂၂)

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအတွင်းအသံခွဲစက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

တံတားပြီးစီးပါက ရွာမအုပ်စုအတွင်းရှိ ကျေးရွာ(၉)ရွာအား အကျိုးပြုစေမည်ဖြစ်ပြီး တံတားရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းများ ကျေးရွာ ရာအိမ်မှူးသို့ လွှဲပြောင်းပေးပြီး ကျေးရွာသူ/သားများတို့ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်းဖြင့် အသုံးပြုသွားမည် ဖြစ်ပါသည်။

နောက်ရပ်ကြီးကျေးရွာ၊ ဟဲယာရွာမကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးအောင်လွင်	ဦးဘိုးလှ	၁၃/ညရန(နိုင်) ၁၂၁၀၇	၅၅	ဥက္ကဋ္ဌ	၀၉-၉၆၃၃၉၀၄၉၂
၂။	ဦးမျိုးဇာနည်ဦး	ဦးစံလင်း	၁၃/ညရန(နိုင်) ၀၆၁၁၂၀	၄၂	ဘဏ္ဍာရေးမှူး	၀၉-၂၂၂၀၆၃၇
၃။	ဦးကြည်စိုး	ဦးသန်းအောင်	၁၃/ညရန(နိုင်) ၀၁၂၃၂၃	၆၀	အတွင်းရေးမှူး	၀၉-၄၂၈၃၇၁၁၇၇
၄။	ဒေါ်ယဉ်မေအေး	ဦးငွေစိုး	၁၃/ညရန(နိုင်) ၀၆၁၂၃၂	၄၁	စာရင်းကိုင်	၀၉-၄၂၁၂၅၃၂၀၉
၅။	ဦးဝင်းကြည်စိုး	ဦးသိန်းဖေ	၁၃/ညရန(နိုင်) ၀၁၂၃၇၂	၅၇	အဖွဲ့ဝင်(၁)	၀၉-၄၂၈၃၃၉၅၆၉
၆။	ဦးထွန်းလင်း	ဦးကျော်စိန်	၁၃/ညရန(နိုင်) ၀၃၅၂၆၅	၆၁	အဖွဲ့ဝင်(၂)	၀၉-၄၄၇၅၈၀၅၂
၇။	ဒေါ်နုနုအေး	ဦးစိုးမြင့်	၁၃/ညရန(နိုင်) ၀၅၄၉၆၀	၄၅	အဖွဲ့ဝင် (၃)	၀၉-၂၅၈၅၇၈၆၅၇
၈။	ဒေါ်စန်းသိဂီ	ဦးချစ်စိန်	-	၂၁	အဖွဲ့ဝင် (၄)	-
၉။	ဒေါ်ထက်ထက်အောင်	ဦးမြင့်ရွှေ	၁၃/ညရန(နိုင်) ၁၁၁၆၀၆	၃၀	အဖွဲ့ဝင် (၅)	၀၉-၉၅၉၁၀၄၉၆၂
၁၀။	ဦးညွှန့်သိန်း	ဦးယိုး	၁၃/ညရန(နိုင်) ၀၁၂၃၆၂	၅၄	အဖွဲ့ဝင် (၆)	၀၉-၄၂၇၄၂၉၉၈၈
၁၁။	ဒေါ်စိုးစိုးသန်း	ဦးကျော်စော	၁၃/ညရန(နိုင်) ၀၈၈၅၇၉	၃၆	အဖွဲ့ဝင် (၇)	၀၉-၄၀၁၃၁၁၉၉၃

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄	-	၄	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၈	၆	၁၄	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅	၉	၁၄	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၇	၉၁	၁၇၈	၁	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၁	၂၂	-	-
စုစုပေါင်း		၁၁၆	၁၁၈	၂၃၄	၁	-
စုစုပေါင်း အိမ်ထောင်စု		၇၁				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် နို့စို့ကလေးအရွယ်သည် အနည်းငယ်သာရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် အများအပြားရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်မှုအားကောင်းကြပါသည်။အင်းသားလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁					မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၄					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၂၉				၈	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း	၄	၅	၂		၂	၄	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၂၄	၅၆	၆	၁	၁၀	၅	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၃	၃					မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☐ နိမ့် ☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၈	၁	၂	၂	၈	မြင့် ☐ လတ်☐ နိမ့် ☑
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၀	၁၃	၄		၄	၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၄	၁		၁	၂	မြင့် ☐ လတ်☐ နိမ့် ☑
	စုစုပေါင်း	၁၃၆	၂၄၉	၄၆	၅၇	၉၆	၄၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/

ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ – **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာသည် ယခင်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခဲ့စဉ်တွင် ခရီးသွားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ကိုင်သူများပြားသော်လည်း ယခုအခါ ခရီးသွားများ မရှိတော့ပါသဖြင့် စီးပွားရေးအခြေအနေ ကျဆင်းလာပြီး အရောင်းအဝယ်လုပ်ငန်းများမှ အခြားဝင်ငွေရလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်လာသူများ အတင့်အသင့်ရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၄၀၀၀	၆၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	–	၈၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၅၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် လုပ်ငန်းကဏ္ဍအသီးသီးတွင် လုပ်သားများ လုပ်အားခရရှိမှုသည် ကျား–မ အနည်းငယ်ကွာဟမှု ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	–	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	–	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
ဓနိတောမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	-	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် အိမ်ထောင်စု(၁)စုသာရှိပြီး ၎င်းအိမ်ထောင်စုသည် နီးစပ်ရာကျေးရွာပိုင်စိုက်ပျိုးမြေကို ငှါးရမ်းလုပ်ကိုင်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူမရှိသဖြင့် စိုက်ပျိုးမြေပိုင်ဆိုင်မှု မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် ခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များအနေဖြင့် မြေပေါ်နှင့် မြေအောက်ရေ အသင့်အတင့်တွေ့ရှိရပြီး အသုံးချရလွယ်ကူပါသည်။ အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေသာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂	၁၂	၃၉	၁၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် မပြေလည်သောအိမ်ထောင်စုများဖြစ်ကြပြီး အလွန်မပြေလည်သောအိမ်ထောင်စု အသင့်အတင့်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၁၇	၁၄	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၄ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)အိမ်ထောင်စု(၃၀%)၏ ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်မှုစစ်တမ်းကောက်ယူမှုအခြေအနေအား လေ့လာခဲ့ရာ အိမ်ထောင်စု(၇၁)စုအနက်မှ အိမ်ထောင်စု(၁၇)စုသည် (ဖ)လနှင့်(၁၂)လကြားသာ ဝမ်းစာဖူလုံကြပါသည်။

(ဂ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖင့်နှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများတွင် ပါဝင်သော ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော/ မုဆိုးဖိုအိမ်ထောင်စု (ဖ)စုရှိပြီး မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၁)ဦးပါသည်။

(ဂ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓			✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ		✓			✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ		✓		✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုကြောင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစသည်တို့ အဘက်ဘက်ကို ထိခိုက်သက်ရောက်မှု အနည်းငယ်ရှိပြီး ကိုဗစ်ကပ်ရောဂါသည် ကျေးရွာအပေါ်၌ ထိခိုက်သက်ရောက်မှု အတော်အတင့်ခံခဲ့ရပါသည်။ အခြားဖြစ်စဉ်များသည် ကျေးရွာများအပေါ် ထိခိုက်မှုမရှိပါ။ ဘေးအန္တရာယ်လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ စီစဉ်ဆောင်ရွက်ထားမှု အားနည်းကြပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓		✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	ထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ		✓		✓		
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကိုဗစ်ဘေးနှင့်စစ်ဘေးကြောင့် လူငယ်၊ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု၊ လက်လုပ်လက်စား၊ ကျပန်းနှင့်လှည့်လည်သွားလာ၍ စျေးရောင်းသူများသည် ထိခိုက်မှုအများဆုံးခံရသည့် အုပ်စုများဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၇	၀	၇	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐	ကောင်း☑ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	
၂	အမျိုးသား ပဋ္ဌာန်းအဖွဲ့	၁□၂□၃☑	၁၀		၁၀	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□
၃	အမျိုးသမီး ဓမ္မစကြာ အဖွဲ့	၁□၂□၃☑		၉	၉	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□
၄	ရပ်ကွက် အကျိုး တော်ဆောင် အဖွဲ့	၁□၂☑၃□	၇		၇	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်□ ညံ့□
၅	လမ်းတံတား ထိန်းသိမ်း ရေးကော်မ တီ	၁□၂☑၃□	၇		၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။နမ့်ဟူး(နန်းဟူး)ကျေးရွာတွင် ကျေးရွာ၌ ကော်မတီ/အဖွဲ့(၆)ဖွဲ့ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၊ သာရေးနာရေး၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများတွင် လူငယ်များနှင့် ကျေးရွာလူထုအဖွဲ့များမှ ဦးဆောင်၍ ဆောင်ရွက်ကြပြီး ကျေးရွာတွင်းအဖွဲ့များသည့် လုပ်ငန်းတာဝန်များ စွမ်းဆောင်နိုင်မှု အားကောင်းကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	UNDP	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၂	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အစိုးရဌာနဆိုင်ရာအဖွဲ့များမှအပ အခြားကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် UNDPအဖွဲ့(၁)ခုတည်းသာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ချေးငွေများထုတ်ချေးပေးခြင်း ဝင်ရောက်ဆောင်ရွက်ပေးမှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇၁	၁၄	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်			ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား			တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား			တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၇၁	၁၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများမရှိသဖြင့် စိုက်ပျိုးမြေပိုင်ဆိုင်မှုလည်းမရှိပါ။ အရောင်းအဝယ်အများဆုံးလုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု အတွင်အသင့်ရှိပါသည်။ထိုကြောင့် အိမ်ထောင်စု(၇၁)စုလုံးသည် မြေယာမဲ့များ ဖြစ်ပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၁	-		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်		တစ်နှစ်ပတ်လုံး□ရာ	ရှိ□မရှိ□မဖြေဆိုပါ	လျော့□တိုး□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
	စီမံကိန်း		သီအလိုက်□ မဖြေဆိုပါ□	□	အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် မြေပေါ်ရေပေါများသော်လည်း စိုက်ပျိုးမြေမရှိသဖြင့် ရေသွင်း စိုက်ပျိုးရမည့် ဧရိယာမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ မရှိပါ။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်းထွန်စက်	–	–	–	–
အစေ့ချကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	–	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာသည် စိုက်ပျိုးရေးလုပ်ကိုင်သူမရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံးခေတ်မီစက်ကိရိယာများလည်း မရှိပါ။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း☑သင့်တင့်မျှတ□မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☑အသင့်အတင့်ရှိ□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ ရသည်☑ မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ□

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☐ မထိခိုက်ပါ ☑ မဖြေဆိုပါ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် စိုက်ပျိုးမြေသာရှိပါက သီးနှံအထွက်နှုန်းတိုးတက်ရန်အတွက် လိုအပ်လျက်ရှိသော စိုက်ပျိုးရေးအရင်းအမြစ် ပေါများပြီး သဘာဝမြေဩဇာများ၊ သီနှံမျိုးစေ့များဝယ်ယူရရှိနိုင်ခြင်း၊ လုပ်သားများရနိုင်ခြင်းနှင့်ထွက်ကုန်များ ရောင်းချနိုင်ခြင်းစသည့် အခွင့်အလမ်းများရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☑ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☐အနည်းငယ်☐မဖြေဆိုပါ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☐လုံးဝမရ☑မဖြေဆိုပါ☐**
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☐လုံးဝမရ☑မဖြေဆိုပါ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။နောက်ရပ်ကြီးကျေးရွာတွင် စိုက်ပျိုးမြေမရှိခြင်း၊ မြေယာတိုးချဲ့၍မရနိုင်ခြင်းစသည့် အခက်အခဲနှင့်ပြဿနာများသည် သီးနှံထုတ်လုပ်မှုအတွက် အဓိကကြုံတွေ့ရသည့် အခက်အခဲနှင့်ပြဿနာများဖြစ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

